# အရည်အသွေးအာနိသင် အာမခံချက်ရှိသည့်
# Molnupiravir ဆေးဝါးအား
# စနစ်တကျ အသုံးပြုခြင်း

**COVID-19 ရောဂါကုသရေးအတွက် အရေးပေါ်အသုံးပြုနိုင်ရန် Molnupiravir ဆေးဝါး ရရှိနိုင်ရေးအတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အချိန်နှင့်တပြေးညီ ဦးစားပေး စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။**

Indication (အသုံးပြုရမည့် အခြေအနေ)

*for treatment **of mild-to-moderate COVID-19 in adults**

(သာမန်နှင့် အတန်အသင့် **COVID-19** ရောဂါလက္ခဏာ ခံစားရသူများသည် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရန်)

**အောက်ဖော်ပြပါ အချက်အလက်များသည် အသုံးပြုရန်မသင့်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်သည့်အတွက် ဆရာဝန်များ၏ ညွှန်ကြားချက်မရှိဘဲ အသုံးပြုခြင်းမှ ရှောင်ကျဉ်သင့်ပါသည်**

- ၅ ရက်ထက်ပို၍ အသုံးပြုခြင်း
- COVID-19 ရောဂါကာကွယ်ဆေးအနေဖြင့် အသုံးပြုခြင်း
- သန္ဓေသားအား အဆိပ်အတောက်ဖြစ်စေသည့်အတွက် ကိုယ်ဝန်ဆောင်မိခင်များ
- အရိုးနှင့်အရိုးနုများ ပျက်စီးစေသည့်အတွက် နို့တိုက်မိခင်များ နှင့် အသက် ၁၈နှစ်အောက်များ

Molnupiravir ဆေးဝါးကို ဝယ်ယူသည့်အခါ **အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်မရှိသည့်** Online တွင် ဈေးနှုန်းကြီးမြင့်စွာ ကြော်ငြာရောင်းချနေသော မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခွင့်ပြုထားခြင်းမရှိသည့် Molnupiravir ဆေးဝါးများ **ဝယ်ယူသုံးစွဲရန် မသင့်ပါ။** အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Molnupiravir ဆေးဝါးကို ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျသုံးစွဲရမည့်ဆေးဝါးအဖြစ် အရေးပေါ်အသုံးပြုခွင့်ပေးထားပြီးဖြစ်ပါ၍ တရားဝင် အသိအမှတ်ပြုထားသည့် ဆေးဝါးရောင်းချခွင့်ရှိသောဆေးဆိုင်များတွင် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် ဝယ်ယူ၍ တိကျစွာလိုက်နာသောက်သုံးသင့်ပါသည်။